

ကျန်းမာရေး

# ဝက်မွေးမြူရေးနှင့် မှိုရောဂါများ (Mycotic Disease)

14/01/2021 11:45 AM
တွင်



ဦးဇော်(dof) မှ ရေးသား

ဝက်မွေးမြူသူများအနေဖြင့် ဝက်များတွင် အောက်ပါ မှိုရောဂါများ ဖြစ်ပွားနိုင်သည်ကို

သတိပြုရပါမည်။

၁။ **မှိုအဆိပ်သင့်ခြင်း (Mold Toxicity)**

ရောဂါပိုးအမည်- Fusarium rossum, Fusarium Sporotrictoides, Gibberella zeae

**ရောဂါဖြစ်ရသည့် အကြောင်းအရင်းများ**

မှိုတက်နေသည့် အစာများဖြစ်သော ပြောင်းနှင့် အခြားအစာများကို ကျွေးမွေးခြင်းနှင့် ဝက်များကြီးထွားနှုန်းညံ့၍ မျိုးပွားမှုဆိုင်ရာ ပြဿနာများဖြစ်ပွားနိုင်ပါသည်။ ဝက်သိုးရော ဝက်မများပါ ဖြစ်ပွားနိုင်ပါသည်။

**ရောဂါလက္ခဏာများ**

အစာစားနှုန်း နည်းခြင်း၊ အန်ခြင်း၊ ကိုယ်အလေးချိန် လျော့ကျခြင်း၊ သားအိမ်ကြီးထွားခြင်း၊ အသည်းနှင့် အဆုတ်တို့တွင် သွေးကွက်များရှိခြင်းတို့ကို တွေ့ရှိနိုင်ပါသည်။

**၂။ Moniliasis**

ရောဂါပိုးအမည်- Candidaalbicans, Oidiumalbicane, Moniliaalbicane

**ရောဂါဖြစ်ရသည့် အကြောင်းအရင်း**

ၾငင်းရောဂါပိုးမှာ ပတ်ဝန်းကျင်တွင် ပျံ့နှံ့နေ၍ အာဟာရချို့တဲ့သည့် ဝက်များတွင် ရောဂါအဖြစ်များပါသည်။

## ရောဂါလက္ခဏာများ

ပါးစပ်၊ အာခေါင်၊ အစာရေမျိုနှင့် အစာအိမ်နံရံများ ရောင်ရမ်း၍ ထူနေခြင်း၊ ရောဂါဆိုးဝါးပါက ပါးစပ်တွင် အနာများဖြစ်၍ အစာမစားခြင်း ဗီတာမင်အေနှင့် ဇင့်ခါတ်ချို့တဲ့သည် ဝက်ငယ်များတွင်လည်း ထိုလက္ခဏာများ တွေ့ရှိနိုင်ပါသည်။

## ကာကွယ်ကုသခြင်း

ဝက်များကို အာဟာရပြည့်ဝသည့် အစာများကျွေးခြင်း၊ ဝက်နေထိုင်သည့် ပတ်ဝန်းကျင်ကို သန့်ရှင်းစွာ ထားရှိခြင်း၊ ကော့ပါးဆာလ်ဖိတ်(Copper Sulphate) သို့မဟုတ် ပဋိဇီဝဆေးတစ်မျိုးမျိုး တိုက်ကျွေးကုသခြင်းတို့ဖြင့် ဂရုစိုက်ရပါမည်။

## ၃။ Aspergillosis

ရောဂါပိုးအမည် - - Asp. Flavus

## ရောဂါဖြစ်ရသည့် အကြောင်းအရင်းများ

- ဝက်များကို ကျွေးသောအစာ အစေ့အဆံများဖြစ်သော (ပြောင်း၊ ပဲဖတ်၊ နှမ်းဖတ်) တို့ကို မိုးရာသီတွင် ရိတ်သိမ်းခြင်း၊ စိုထိုင်းဆ မြင့်မားချိန်တွင် သိုလှောင်ထားရှိခြင်း စသည့် အခြေအနေတွင် မှိုရောဂါပိုးမွှားများ ကပ်ရောက်ပေါက်ပွားနိုင်ပါသည်။

- ငါးခြောက်မှုန့်၊ ငါးပေါင်းမှုန့်များတွင်လည်း စိုထိုင်းဆ(၁၈%)ထက်ပိုပါက ရောဂါကျရောက်နိုင်ပါသည်။

## ရောဂါလက္ခဏာများ

အစာစားပျက်ခြင်း၊ ကိုယ်အလေးချိန်တိုးနှုန်း နည်းခြင်း၊ ဝမ်းသွားခြင်း၊ အသက်ရှုရခက်ခဲခြင်း၊ ဆိုးဝါးသည့်အခြေအနေတွင် သေဆုံးနိုင်ပါသည်။ ရောဂါဖြစ်ပွားရခြင်းမှာ အစာအိမ်နှင့် အူများမှ စုပ်ယူ၍ အဆိပ်များ (Mycotoxin, Aflatoxins)ထုတ်လွှတ်ခြင်းကြောင့် ဖြစ်ပါသည်။

## ကာကွယ်ကုသခြင်း

ဝက်ကို အစာကျွေးမွေးရာတွင် စိုထိုင်းဆများသည့် အစာများ၊ မှိုတက်နေသော အစာများကို  ကျွေးမွေးခြင်းကို ရှောင်ကြဉ်ပါ။ အစာတွင် မှိုသတ်ဆေးများကို ထည့်သွင်းစပ်ရပါမည်။

ဦးဇော် (dof)

Ref; ဆရာမ ဖြူဖြူ၏ " ဝက်မွေးမြူရာတွင် ဒုက္ခပေးနိုင်သော မှိုရောဂါ"အကြောင်းမှ

ကောက်နှုတ်ဖော်ပြပါသည်။

**ဆောင်းပါးများ/သတင်းများ ပြန်လည်ကူးယူဖော်ပြလိုပါက**

**"အစိမ်းရောင်လမ်းမှကူးယူဖော်ပြပါသည်" ဟုထည့်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။**